# ပဋိပက္ခများနှင့် လုံခြုံရေးအစီအမံ

သတင်းရင်းမြစ် >
ကြာသပတေးနေ့၊ အောက်တိုဘာလ ၀၃ ရက် ၂၀၁၃ ခုနှစ် ၀၆ နာရီ ၄၃ မိနစ်

သမ္မတဦးသိန်းစိန် ရခိုင်ပြည်သို့ လတ်တလောရောက်စဉ်တွင် ၂၀၁၂ ခုနှစ် မေလတွင်ဖြစ်ခဲ့သည့် ရခိုင်ပြည်နယ်ဖြစ်စဉ်မျိုး သံတွဲမြို့နယ်အတွင်း ထပ်မံဖြစ်ပေါ်လာခဲ့ခြင်းသည် မြန်မာနိုင်ငံအနေနှင့် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများကြားမှာ ရှိနေသေးသည်၊ ဆက်လက်လည်းဖြစ်လာနိုင်သေးသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

ထို့အပြင် ယခုပဋိပက္ခများမှ ဖြစ်ပေါ်လာသည့် ပြည်သူတို့၏ မလုံခြုံမှုများ၊ ထိတ်လန့်မှုများကို အကာအကွယ်ပေးရန် အစိုးရနှင့်တကွ လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်အရှိဆုံးဖြစ်သည်။ ပဋိပက္ခများတွင် လက်နက်များကိုင်ဆောင်လျက် ဖျက်ဆီးမှုများပြုလုပ်ခြင်း၊ ရန်လိုသည့် အပြုအမူများဖြင့် တုံ့ပြန်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များရှေ့မှောက်တွင် ဖြစ်ပေါ်ခဲ့သည်ဆိုသည့် အခြေအနေသည် လုံးဝလက်ခံနိုင်ဖွယ်မရှိသည့် အခြေအနေပင်ဖြစ်သည်။

ရခိုင်ပြည်တွင်းဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများဖြေရှင်းနိုင်ရန် "ရခိုင်ပဋိပက္ခ စုံစမ်းရေး ကော်မရှင်" အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ နှစ်ဖက် ဘာသာရေးခေါင်းဆောင်များနှင့်၂၇ ဦးပါအဖွဲ့ကို ၂၀၁၂ ခုနှစ် ဩဂုတ်လကတည်းက ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ ထိုကော်မရှင်၏ အစီရင်ခံစာများအရ ပဋိပက္ခများ အတွက် ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် တရားဥပဒေစိုးမိုးရေးတို့အပေါ် ကွက်ကွက်ကွင်းကွင်း ထောက်ပြပြီးဖြစ်သည်။

အလားတူပင် နိုင်ငံတကာ၏ စိုးရိမ်မှုများ၊ မြန်မာပြည်အတွင်း တရားဥပဒေ စိုးမိုးမှုအပေါ် မေးခွန်းထုတ်မှု၊ ရဲတပ်ဖွဲ့ဝင်တို့၏ စွမ်းရည်အပေါ် ထောက်ပြပြောဆိုလာမှုများကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

အလားတူ ပဋိပက္ခအပေါ် ကောလာဟလများ ထပ်မံလွှင့်မှု၊ မမှန်သတင်းများကြီးစိုးလာသည့်အခါ မြန်မာပြည်သူ ပြည်သားများအားလုံးအတွက် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးနှင့် လုံခြုံမှုတို့အပေါ် မေးခွန်းထုတ်စရာများပင် ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ကာလရှည်ညောင်းဖြစ်ပေါ်နေသည့် ပဋိပက္ခ၊ မန္တလေး၊ ပြည်၊ မိတ္ထီလာ၊ လားရှိုးတို့တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေတို့ကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက တရားဥပဒေစိုးမိုးမှု မရှိခြင်းနှင့်အတူ၊ သက်ဆိုင်ရာ အာဏာပိုင်တို့၏ လုံခြုံရေး အစီအမံများ၊ ကြိုတင်ပြင်ဆင်ဟန့်တားနိုင်မှုစသည့် အားနည်းချက်များ ပေါ်ထွက်လာခဲ့သည်။ အချို့ယူဆသကဲ့သို့ နောက်ကွယ်မှ ကြိုးကိုင်သူကို တိတိပပ ဖော်ထုတ်ရန် လိုအပ်သကဲ့သို့၊ ဆူပူအောင် သို့မဟုတ် သွေးထိုးလှုံ့ဆော်သူတို့ကိုလည်း ထိထိရောက်ရောက် အရေးယူရန်လိုအပ်သည်။

၂၀၁၂ ခုနှစ် မေလ နှင့် ဇွန်လအတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် သေဆုံးသူ ၅၀ ဦးရှိခဲ့ပြီး လူနေအိမ် ၂၂၃၀ လုံးနှင့် ဘာသာရေး အဆောက်အအုံ ၁၄ ခု မီးလောင်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် သေဆုံးသူ ၁၂ ဦး လူနေအိမ် ၁၉၄၈ အိမ်နှင့် ဘာသာရေး အဆောက်အအုံ ရှစ်ခု ထပ်မံ မီးလောင်ခဲ့ပြန်သည်။ ပဋိပက္ခများမှ ဖြစ်ပေါ်လာသည့် ဤပျက်စီးဆုံးရှုံးမှု စာရင်းသည် အစိုးရမှ တရားဝင်ထုတ်ပြန်ပြီး မှတ်သားမိသည့် ပျက်စီးဆုံးရှုံးမှုစာရင်းသာဖြစ်သည်။

ထို့ထက်ပိုပြီး ဆုံးရှုံးမှုများမည်ဖြစ်ရာ ပဋိပက္ခများ ဖြစ်ပွားရာဒေသနှင့် တစ်နိုင်ငံလုံး အတိုင်းအတာ ဖွံ့ဖြိုးမှု ကြိုးပမ်းလုပ်ဆောင်နေမှုများအား နောက်ပြန်ဆွဲသလိုဖြစ်နေခြင်းဖြစ်သည်။ သမ္မတ ဦးသိန်းစိန်က ယခုကဲ့သို့ ပဋိပက္ခများဖြစ်ခြင်းကြောင့် မြန်မာသည် ကမ္ဘာမှာ နာမည်ဆိုးထွက်သွားပြီဟု သူ၏ ရခိုင်ခရီးစဉ်အတွင်း

ပြောခဲ့သည်။
နာမည်ဆိုးသည်၊ နာမည်ကောင်းသည်ဆိုတာထက် နောက်ဆုံးတစ်ရက်တွင် ယခုကဲ့သို့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများကြောင့် မြန်မာပြည်သူတွေသာ အနစ်နာဆုံးဖြစ်သည်။ Post by Mizzima - News in Burmese .